မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
July 23 , 2025 Volume 92, Number 16

| ၂၃. ၇.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၃.၉၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၁၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၃.၀၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၂.၃၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၃၀ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တရုတ်သို့ အောက်တိုဘာ၌ ထောပတ်သီးတင်ပို့ရန် ပြင်ဆင်




အခုလာမဲ့ အောက်တိုဘာလအတွင်း တရုတ်နိုင်ငံကို မြန်မာ့ထောပတ်သီးတင်ပို့ခွင့်ရရှိဖို့အတွက် လိုအပ်တာတွေ ပြင်ဆင်နေပြီလို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က သိရပါတယ်။

မြန်မာ့ထောပတ်သီးတွေကို တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) သတ်မှတ်ချက်တွေနဲ့အညီလာမဲ့ ထောပတ်သီးရာသီမှာ တရားဝင်စတင် တင်ပို့နိုင်ဖို့ ပြင်ဆင်လာကြတာဖြစ်ပါတယ်။

လက်ရှိမှာ GACC လက်မှတ်ရရှိဖို့ ထောပတ်သီးမှာတွေ့ရတဲ့ အန္တရာယ်ရှိ ဖျက်ပိုးမွှား ၆ မျိုးစစ်ဆေးဖို့အတွက် ထောပတ်ခြံပိုင်ရှင်တွေ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အပင်အာဟာရအတွက် အချိန်ကာလအလိုက်ထည့်သွင်းရမဲ့အခြေအနေတွေကို ထောပတ်စိုက်ပျိုးမှုအများဆုံးဒေသတွေမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက တောင်သူတွေနဲ့ဆွေးနွေးမှုတွေ လုပ်ဆောင်နေကြပါတယ်။အခုနှစ်ထောပတ်သီးရာသီမှာစင်ကာပူ ၊မလေးရှားနဲ့ ထိုင်းနိုင်ငံဈေးကွက်တွေကို တင်ပို့ဖို့လျာထားတယ်လို့ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သိရပါတယ်။

တရုတ်ကို မြန်မာ့ထောပတ်သီး တရားဝင်တင်ပို့နိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာ ဖြစ်ပြီး မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းအရ တရုတ်နိုင်ငံကို G to G စနစ်နဲ့ တင်ပို့နိုင်ဖို့ စီစဉ်နေတာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ထောပတ်သီးစိမ်းကို လတ်ဆတ်တဲ့ သစ်သီးဝလံအဖြစ် တင်ပို့နိုင်ဖို့အတွက် အနွေရာယ်ရှိ ဖျက်ပိုးတွေ လေ့လာအကဲဖြတ်တာကို အဝေးရောက်စနစ်နဲ့ လေ့လာအကဲဖြတ်ခြင်း (Remote Video Inspection) ကျင့်သုံးသွားမှာပါ။မြန်မာနိုင်ငံမှာ ထောပတ်သီးကို ရှမ်းပြည်နယ် နဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ အများဆုံး စိုက်ပျိုးနေပြီး ထောပတ်သီးပေါ်တဲ့ ရာသီချိန်မှာ နှစ်စဉ် နိုဝင်ဘာကနေ ဇန်နဝါရီလအတွင်း ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## ညောင်တုန်းမြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ပိဿာ ၄၅၀၀ မှ ၆၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီးပိဿာ ၆၅၀၀ လောက် အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်း သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ၎င်းကပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိတိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီပေါ် ဟင်းသီးဟင်းရွက်များ ပေါ်သည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက်ကုန်များသာရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကို အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ကော့မှူးမြို့နယ်၌ ယခုနှစ်တွင် မိုးစပါး ၈၈,၀၈၇ ဧက လျာထားစိုက်ပျိုးမည်




ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၌ ယခုနှစ်တွင် စပါးမျိုးကောင်း မျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန်ရည်ရွယ်၍ မိုးစပါး ၈၈,၀၈၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနက သိရသည်။

ကော့မှူးမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး မျိုးကွဲအလိုက် စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ငစိန် ၁၅,၉၀၄ဧက၊ မီးဒုံး ၁၆,၅၉၁ဧက၊ ကကြို ၇၆၆၇ ဧကနှင့် ဧယာ ၈၄၄ဧက စုစုပေါင်း ၄၁,၀၀၆ ဧကအား ဇွန်လ ၂၃ ရက်နေ့ စာရင်းအရ သိရှိရပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့် စပါးမျိုးများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို အသုံးပြု၍ စပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ

အချိုးကျထည့်သွင်းနိုင်ရေး စပါးဖျက်ပိုးမွှားများကို စနစ်တကျကာကွယ်နှိမ်နင်းရေးအတွက် တောင်သူများအား အသိပညာပေး သင်တန်းများနှင့် ဆွေးနွေးပွဲများ ကျင်းပကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကော့မှူးမြို့နယ်အတွင်း မိုးစပါး ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် ဒေသအတွင်းသာမက နိုင်ငံအတွင်း ဆန် စားသုံးမှု ဖူလုံစေပြီး ပြည်ပသို့ပါ ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ဆန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ် ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ပန်းတနော်မြို့နယ်တွင် ရောင်းချနေသော ချင်းဈေးနှုန်း အနည်းငယ်မြင့်တက်



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်တွင် အခြေခံစားသောက်ကုန်များ ကိုရန်ကုန်တိုင်းဒေသကြီးက မှာယူ၍ ရောင်းချဖြန့် ဖြူးကြောင်း သိရသည်။

ပန်းတနော်မြို့နယ်တွင် ချင်းစိုက်ပျိုးမှုမရှိဘဲ ရန်ကုန်ကုန်စည်ဒိုင်များမှ မှာယူရောင်းချကြသည်။

ဒေသတွင်းစားသုံးမှု လိုအပ်ချက်အရ ရှမ်းပြည် နယ်ထွက်၊ ချင်းပြည်နယ် စိုက်ပျိုးမှုများသော ချင်းများ အများဆုံး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ချင်းသည် ဆေးဖက်ဝင်သီးနှံတစ်မျိုးဖြစ်၍ အိမ်တိုင်း မရှိမဖြစ် အသုံးပြုကြသည်။ ဟင်းချက်ရာတွင် အသုံးပြုခြင်း၊ ကျန်းမာ ရေးအရ အသုံးပြုခြင်း၊ ဆေးဖော်စပ်ရာတွင် အသုံးပြုခြင်းများလည်းရှိသည်။ ချင်းဈေးကွက်အနေဖြင့် ယခင်၂၀၂၄ခုနှစ်၊ ဇူလိုင်လ တွင် ချင်းတစ်ပိဿာလျှင် ကျပ် ၃၅၀၀-၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခု ဇူလိုင် ၂၀၂၅ခုနှစ် တွင် ချင်းတစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဈေးရှိကြောင်း၊ ယခင်နှစ်ဈေးထက် ပိုမိုဈေးမြင့်တက် လာကြောင်း ရန်ကုန်အထိုင်ဈေးက မြင့်တက်၍ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း ပွင့်လင်းရာသီတွင် ဈေးနှုန်းကျဆင်း နိုင်ကြောင်း ပန်းတနော်ဈေးကွက်က သိရသည်။

ချင်းများကို ရန်ကုန်မှ ပိဿာချိန် ၃၀ပါ တစ်အိတ်လျှင် ၁၈၀,၀၀၀ကျပ်ဖြင့် မှာယူရောင်းချကြောင်းနှင့် တစ်ခါ မှာယူပါက ၁၀အိတ်မှာယူရောင်းချကြောင်း မှာယူသော အိတ်များကို ၁လအတွင်းရောင်းချရကြောင်း ပန်းတနော် အခြေခံစားသောက်ကုန် ချင်းရောင်းချသူတစ်ဦးထံက သိရသည်။

**Source : DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## ကြက်သွန်နီဈေး အကျဈေးဖြင့် ဈေးငြိမ်



ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင် ၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း စသည့် ဒေသများတွင် အများဆုံး စိုက်ပျိုးကြသည်။

ကြက်သွန်နီကို မိုးကြက်သွန်၊ ဆောင်းကြက်သွန်အဖြစ် နှစ်ရာသီစိုက် ပျိုးကြသည်။

ကြက်သွန်နီမျိုးမှာ မြင်းခြံမျိုး(ဥရှည်)မျိုးနှင့် မြစ်သားမျိုး(ရွှေဖလားမျိုး)ဟူ၍ ရှိကြသည်။ မြင်းခြံဥမျိုးသည် ဥရှည်ပြီး အခွံထူကာ အသားကြမ်းသည်။ ကျောက်ဆည်၊ မြစ်သားမျိုး (ရွှေဖလား)ကြက်သွန်ဥသည် ဥဝိုင်းမျိုးဖြစ်ပြီး အခွံပါး၍ အသားနုသည်။ ယခုအခါ ဈေးကွက် အတွင်း၌ ဆောင်းကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက် လျက်ရှိပြီး ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိသည်။ မေလဆန်းပိုင်းတွင် မြစ်သားကြက်သွန်နီ(ရွှေဖလား)မျိုး တစ်ပိဿာလျှင် ၁၅၀၀-၂၀၀၀ ကျပ်၊ မြင်းခြံဥတစ်ပိဿာလျှင် ၁၂၀၀-၁၅၀၀ ကျပ် စသည်ဖြင့် ရောင်းချလျက်ရှိသည်။ ဇွန်လအတွင်း၌လည်း ၎င်းဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိပြီး ယခုဇူလိုင်လဆန်းပိုင်းအထိလည်း ၎င်းဈေးနှုန်းအတိုင်း ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းချလျက်ရှိကြောင်း ဈေးကွက်အတွင်းက သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## အမေရိကန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဆောင်းဦးရာသီတွင် ကိုကာကိုလာကို ကြံသကြားအစစ်ဖြင့် ထုတ်လုပ်ရောင်းချမည်

ကိုကာကိုလာကုမ္ပဏီက အမေရိကန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဆောင်းဦးရာသီတွင် ကြံသကြားအစစ်ဖြင့် ထုတ်လုပ်သည့် ကိုကာကိုလာအသစ်ကို ရောင်းချသွားမည်ဖြစ် ကြောင်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း CNBC အွန်လိုင်းသတင်း၌ ဖော်ပြခဲ့သည်။

အမေရိကန်ဈေးကွက်၌ ၁၉၈၀ ပြည့်နှစ်များမှစတင်၍ ရောင်းချသည့် ကိုကာကိုလာထုတ်ကုန်များကို အချိုဓာတ်တိုးစေရန် ပြောင်းသကြားရည်(Corn Syrup)အသုံးပြုထုတ်လုပ်ထားသော်လည်း မက္ကဆီကိုကဲ့သို့သော ဈေးကွက်အချို့၌ ကြံသကြားအစစ်ကို အသုံးပြုထုတ်လုပ်သည့် ထုတ်ကုန်များကို ရောင်းချလျက်ရှိကြောင်း၊ Mexican Coke သည် အမေရိကန်ဈေးကွက်၌ လူကြိုက်များလာခဲ့ကာ Costco နှင့် Target ကဲ့သို့သောလက်လီအရောင်းဆိုင်များ၌ပါ အရောင်းတွင်ကျယ်လာခဲ့ကြောင်း၊ ယင်းသို့ကြံသကြားအစစ်ကို အသုံးပြုထုတ်လုပ်မည့် ထုတ်ကုန်အသစ်သည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက် “TruthSocial”၌ “ကိုကာကိုလာထုတ်ကုန်များတွင် ကြံသကြားအစစ်ကိုအသုံးပြု၍ထုတ်လုပ်ရန် ကုမ္ပဏီနှင့် ဆွေးနွေးပြီးဖြစ်သည်”ဟုရေးသားခဲ့ပြီးနောက်တွင် ကုမ္ပဏီက ယခုကဲ့သို့ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊သမ္မတထရမ့်သည် Diet Coke ကြိုက်နှစ်သက်သူတစ်ဦးဖြစ်ပြီး ၎င်း၏ဘဲဥပုံရုံးခန်း၌ပင် Diet Coke သောက်လိုသည့်အခါ အသုံးပြုရန် ခလုတ်တစ်ခုထားရှိကြောင်း၊ သမ္မတထရမ့်၏ ကျန်းမာရေးနှင့် လူသားရေးရာဝန်ဆောင်မှုဝန်ကြီး Mr. Robert F. Kennedy Jr. (Health and Human Services Secretary)က ပြောင်းသကြားရည်အသုံးပြုခြင်းသည် အဝလွန်ရောဂါနှင့် နာတာရှည်ရောဂါများ ဖြစ်စေသည်ဟုဆိုကာ ဆန့်ကျင်သူတစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် ကြံသကြားအစစ်သည် ပြောင်းသကြားရည်ထက် ကျန်းမာရေးနှင့် ညီညွတ်သည်ဟု သုတေသနများက ဖော်ပြထားခြင်းမရှိကြောင်း၊ ထို့ပြင် ကြံသကြားတင်သွင်းရာ၌ သတ်မှတ်ပမာဏကိုသာ သွင်းကုန်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုထားရာ ကြံသကြားသည် အစိုးရထံမှ အထောက်အပံ့ရယူထုတ်လုပ်ထားသည့် ပြောင်းသကြားရည်ထက်ပို၍ ဈေးကြီးကြောင်း သိရသည်။

**Source: CNBC News**

**https://www.cnbc.com/2025/07/22/coca-cola-to-roll-out-cane-sugar-soda-in-us.html**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

**https://myantrade.gov.mm/**

## ဗွန်လတွင် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်အမှာစာအသစ်များ သိသိသာသာကျဆင်းခဲ့



ဇွန်လတွင် ဗီယက်နမ်၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပို့ကုန်အမှာစာသစ်များတွင် ၂ နှစ်ကျော် အတွင်း အဆိုးရွားဆုံးကျဆင်းမှုကို ကြုံတွေ့ခဲ့ရကြောင်း S&P Global Market Intelligence မှ ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်သော အစီအရင်ခံစာအရသိရသည်။

S&P Global Market Intelligence မှ ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်သော အစီအရင်ခံစာအရသိရသည်။

S&P Global Vietnam Manufacturing Purchasing Managers Index သည် မေလတွင် ၄၉ ဒသမ ၈ မှ ဇွန်လတွင် ၄၈ ဒသမ ၉ သို့ ကျဆင်းသွားကြောင်းသိရသည်။

ယင်းသည်ယခုနှစ်ပထမနှစ်ဝက်တွင် လုပ်ငန်းအခြေအနေများ အနည်းငယ် ယိုယွင်းလာခြင်းကြောင့်ဖြစ်သည်။ S&P Global Market Intelligence မှ ဒါရိုက်တာ Andrew Harker က အခွန်ကောက်ခံမှုများ ပြင်းထန်လာခြင်းကြောင့် ဗီယက်နမ်ထုတ်လုပ်သူများ၏ နိုင်ငံတကာဝယ်လိုအား ပိုမိုဆိုးရွားလာသည်ကို ဇွန်လတွင်မြင်တွေ့ခဲ့ရကြောင်း ပြောကြားခဲ့သည်။

ပို့ကုန်များ သိသာစွာကျဆင်းလာခြင်းကြောင့် စုစုပေါင်းအမှာစာ အသစ်များထပ်မံလျော့ပါးစေကာ လုပ်ငန်းများအား အလုပ်အကိုင်နှင့် ဝယ်ယူမှုများ လျှော့ချနိုင်စေရန် ဦးတည်ခဲ့ကြောင်း သိရသည်။

Source : Xinhua DOCA(ရန်ကုန်)

https://www.doca.gov.mm/

## တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း လူသုံးကုန်ပစ္စည်း ယွမ် ၇ ဒသမ၄ ထရီလီယံတင်သွင်းခဲ့

တရုတ်နိုင်ငံသည် 14th Five Year Plan(2021-2025)၏ပထမလေးနှစ်ဖြစ်သော ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ယွမ်ငွေ၇ ဒသမ ၄ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ထရီလီယံခန့်)တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများတင်သွင်းခဲ့ကြောင်း တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Wang Wentao က ၁၈-၇-၂၀၂၅ ရက်နေ့တွင်ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကိန်းဂဏန်းများကိုကိုးကား၍ တရုတ်ပြည်မကြီးနှင့် တရုတ်နိုင်ငံ၊ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသမှ ကုန်ပစ္စည်းတင်သွင်းမှုသည် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးတင်သွင်းမှု၏ ၁၃ ဒသမ ၃ရာခိုင်နှုန်းခန့်ရှိကာ အမေရိကန်က ၁၃ ဒသမ ၆ရာခိုင်နှုန်းရှိကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံးသွင်းကုန်ဈေးကွက်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုနှင့်တန်းတူနီးပါးရှိကာ နိုင်ငံနှင့်ဒေသပေါင်း(၈၀)နီးပါးအတွက် အဓိကပို့ကုန်ဈေးကွက်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်ဟု သိရသည်။

အရည်အသွေးမြင့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို တရုတ်ဈေးကွက်သို့ တင်သွင်းမှုကို တွန်းအားပေးရန်အတွက် တရုတ်နိုင်ငံသည် နိုင်ငံတကာထုတ်ကုန်ပစ္စည်းများသုံးစွဲသည့်အချက်အချာမြို့များကို တည်ထောင်ခဲ့ပြီး ဆန်းသစ်တီထွင်မှုနှင့် သွင်းကုန်မြှင့်တင်ရေးတို့အတွက် အမျိုးသားသရုပ်ပြဇုန်များထူထောင်ကာ တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ လူသုံးကုန်ကုန်စည်ပြပွဲများကဲ့သို့သောအဓိကကုန်စည်ပြပွဲများကို ကျင်းပခဲ့ကြောင်း Wang က ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ ကျယ်ပြန့်သောဈေးကွက်သည် ကမ္ဘာ့စီးပွားရေးအတွက် မျှဝေသည့် ဈေးကွက်ဖြစ်လာပြီး ကမ္ဘာ့စီးပွားရေးအတွက် အဓိကကျသောတိုးတက်မှုနှင့် အသက်ဝင်သောအရင်းအမြစ်အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဟု ၎င်းက သတင်း

စာရင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် စနစ်ဆက်တိုက် ကမ္ဘာ့အကြီးဆုံးကုန်စည်ကုန်သွယ်သည့် နိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏသည် ၂၀၂၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ၆ ဒသမ ၁၆ထရီလီယံအထိရှိလာခဲ့ကာ ၂၀၂၀ ပြည့်နှစ်ထက် ၃၂ ဒသမ၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ထိုအတောအတွင်း အမေရိကန်သို့ တရုတ်နိုင်ငံ၏ပို့ကုန်တင်ပို့သည့်ဝေစုသည် ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းတင်ပို့မှု၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၁၄ ဒသမ၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း Wang မှ ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုကို ပံ့ပိုးပေးသည့်ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များသည် ပိုမိုပြီးပြည့်စုံလာပြီး လိုက်လျောညီထွေရှိ၍ ထိရောက်မှုရှိလာကာ စွန့်စားမှုများနှင့် စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် နိုင်ငံ၏ခံနိုင်ရည်အားနှင့် ယုံကြည်မှုတို့ကိုမြှင့်တင်ပေးသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဝန်ဆောင်မှုကုန်သွယ်ရေးလိုငွေပြနေခြင်းကို ကာလကြာရှည်စွာရင်ဆိုင်နေရပြီး အမေရိကန်ပြည်ထောင်စုသည် ယင်းလိုငွေပြမှု၏အကြီးဆုံးရင်းမြစ် ဖြစ်သည်ဟု Wang က ပြောကြားခဲ့ကြောင်း၊ အလားတူ တရုတ်နိုင်ငံသည် အမေရိကန်၏ကုန်စည်ကုန်သွယ်ရေးလိုငွေပြမှုကို အများဆုံးဖြစ်စေသော နိုင်ငံဆိုသည့်အချက်ကိုကြည့်ပါက နှစ်နိုင်ငံအကြား အပြန်အလှန်အားသာချက်များရှိနေသည်ကို ထင်ဟပ်စေသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

လာမည့် 15th Five-Year Plan period(2026-2030)ကိုမျှော်မှန်း၍ ပို့ကုန်နှင့် သွင်းကုန်နှစ်ခုစလုံးတွင် အာရုံစိုက်ကာ အရည်အသွေးမြင့်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာမြှင့်တင်ရန်နှင့် ကုန်သွယ်မှုကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်ဟု သိရသည်။

**Source:** **https://english.news.cn/20250718/501ecbf84df54781b4cdff9c5cbfcc86/c.html**

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

**STOCK EXCHANGE (23.7.2025)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 23rd Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,283 (Shares) | 10,811,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +100 | +1.43% | 7,100 | 7,100 | 7,100 | 2 | 14,200 | 33,109,694 | 235,079 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,300 | 449 | 1,486,650 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 653 | 1,276,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,650 | 2,600 | 1,961 | 5,128,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 719 | 1,191,350 | 19,977,223 | 32,962 |
| AMATA | 00007 | 3,500 | -50 | -1.41% | 3,550 | 3,550 | 3,500 | 313 | 1,100,500 | 10,497,598 | 36,742 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 186 | 613,800 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)



## Market summary

As of 23rd Jul. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.52 | +0.61 | +0.17% | 363.57 | 364.52 | 362.70 | 4,283 | 10,811,100 | 8 | 687,549 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Jul. 2025

| Trading Volume | Trading Value |
|---|---|
| 4,283 (Shares) | 10,811,100 (MMK) |

## Main Board

As of 1:00 pm, 23rd Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,283 (Shares) | 10,811,100 (MMK) |

| MYANPIX | 364.52 ▲ 0.61 |
|---|---|
| Total Volume (shares) | 4,283 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,549 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,500 | ▼ 50 |
| MAEX | 00008 | 3,300 | ▲ 0 |